(ကလေးငယ်များယဉ်ကျေးမှုပေါင်းစုံ အတူနေထိုင်မှု ဌာန)
ပညာရေးဆိုင်ရာဆွေးနွေးထောက်ပံ့ရေးဌာန

-အမေးအများဆုံးမေးခွန်းများ -

[စာသင်ကျောင်းများသို့တက်ရောက်ပညာသင်ယူနိုင်မှုနှင့်သက်၍]

မေး-၁) Hyogo Prefecture တွင်ရှိသော အစိုးရမူလတန်းကျောင်း၊ အလယ်တန်းကျောင်းများသို့ တက်ရောက်ပညာဆည်းပူးလိုပါသဖြင့် မည်သို့လုပ်ဆောင်ရမည်ကို ရှင်းပြပေးပါရန်။
ဖြေ-၁) လက်ရှိနေထိုင်ရာမြို့နယ်၊ ရပ်ကွက်၏ပညာရေးရုံး၊ပညာရေးဌာနတာဝန်ခံနှင့်ဆွေးနွေးကာ ပညာသင်ယူခွင့် လျှောက်ထားနိုင်ပါသည်။

မေး-၂) Hyogo Prefecture တွင်ရှိသောအစိုးရအထက်တန်းကျောင်းသို့ တက်ရောက် ပညာဆည်းပူးလိုပါသဖြင့် မည်သို့ဆောင်ရွက်ရမည်ကို ဖြေကြားပေးပါရန်။
ဖြေ-၂) နှစ်စဉ်မတ်လတွင်ကျင်းပသောဝင်ခွင့်စာမေးပွဲကို ဖြေဆိုရန်လိုအပ်ပါသည်။
အချို့သောအစိုးရအထက်တန်းကျောင်းများသည် နိုင်ငံခြားသားများအတွက် အထူးရွေးချယ်စစ်ဆေးသောစာမေးပွဲများနှင့် အတူထောက်ခံအကြံပြုသောကျောင်းများသို့ ဝင်ရောက်နိုင်ရန်အတွက်စစ်ဆေးသောစာမေးပွဲများ ကိုဖေဖော်ဝါရီလတွင် ကျင်းပပေးပါသည်။
အစိုးရအထက်တန်းကျောင်းများ၏ဝင်ခွင့်စာမေးပွဲများနှင့်ပတ်သက်၍သတင်းအချက်အလက်များရယူနိုင်ရန် Hyogo Prefecture ပညာရေးရုံး၏ Website တွင် ကြည့်ရှုစုံစမ်းနိုင်ပါသည်။

မေး-၃) Hyogo Prefecture တွင်ရှိသော အစိုးရအထက်တန်းကျောင်းသို့ ကြားဖြတ်တက်ရောက်ပညာသင်ကြားလိုပါသဖြင့် မည်သို့လုပ်ဆောင်ရမည်ကို ရှင်းပြပေးပါရန်။
ဖြေ-၃) လက်ရှိနေထိုင်နေသောမြို့နယ်၊ ရပ်ကွက်တွင်ရှိသော အစိုးရအထက်တန်းကျောင်းများမှ တက်ရောက်ပညာဆည်းပူးလိုသောကျောင်း တစ်ကျောင်းကိုရွေးချယ်၍၊ ၎င်းကျောင်းသို့တိုက်ရိုက်စုံစမ်းနိုင်ပါသည်။
ထိုကျောင်းမှကျောင်းအုပ်၏ခွင့်ပြုချက်ကိုရရှိပါက၊ကြားဖြတ်တက်ရောက်ခွင့်စာမေးပွဲကိုဖြေဆိုရပါမည်။
၎င်းစာမေးပွဲနှင့်ပတ်သက်၍ဖြေဆိုရမည့်နေ့ရက်၊ဘာသာရပ်စသည့်အသေးစိတ်အချက်အလက်များမှာ ကျောင်းတစ်ကျောင်းနှင့်တစ်ကျောင်းမတူညီပါသဖြင့် ဝင်ရောက်ဖြေဆိုလိုသည့်ကျောင်းသို့ တိုက်ရိုက်မေးမြန်းစုံစမ်းပါရန်။

မေး-၄) Hyogo Prefectural Ashiya International Secondary Schoolနှင့် Hyogo Prefectural International High Schoolသို့ ကျောင်းဝင်ခွင့်/ကြားဖြတ်တက်ရောက်သင်ကြားခွင့်ရရှိနိုင်ရန်အတွက် မည်သို့လုပ်ဆောင်ရမည်ကို ပြောပြပေးပါရန်။
ဖြေ-၄) Hyogo Prefectural Ashiya International Secondary School၏ကျောင်းဝင်ခွင့်စာမေးပွဲမှာ နှစ်စဉ် ဖေဖော်ဝါရီလတွင်ကျင်းပ၍ လူတွေ့စစ်ဆေးခြင်းနှင့် စာပေအရေးအသား စစ်ဆေးမှု ပါဝင်ပါသည်။ လျှောက်ထားရန်အတွက် လိုအပ်သောအခြေအနေများရှိပါသဖြင့် ကျောင်း၏Websiteကို ကြည့်၍ အချက်အလက်များ စုံစမ်းနိုင်ပါသည်။

Hyogo Prefectural International High Schoolသို့ ကျောင်းဝင်နိုင်ရန်အတွက် နှစ်စဉ်ဖေဖော်ဝါရီလတွင် ကျင်းပသော ထောက်ခံအကြံပြုစာမေးပွဲကိုဖြေဆိုရန်လိုအပ်ပါသည်။
အသေးစိတ်အချက်အလက်များကို သက်ဆိုင်ရာကျောင်းအသီးသီး၏ Websiteတွင်စုံစမ်းနိုင်ပါသည်။
ကြားဖြတ်ကျောင်းတက်ရောက်ခွင့်နှင့်ပတ်သက်၍လည်း သက်ဆိုင်ရာ ကျောင်းအသီးသီးတွင် တိုက်ရိုက်မေးမြန်းစုံစမ်းပါရန်။

မေး-၅) Hyogo Prefectural အစိုးရပိုင်အထက်တန်းကျောင်းများ၌ နိုင်ငံခြားသားကျောင်းသူကျောင်းသားများအတွက် အထူးရွေးချယ်စစ်ဆေးသောစာမေးပွဲ ကျင်းပပါသလား။
ဖြေ-၅) ဟုတ်ကဲ့၊ကျင်းပပါသည်။
၂၀၂၀ခုနှစ် ဝင်ခွင့်စာမေးပွဲ၌ Hyogo Prefectural အစိုးရပိုင်ကျောင်းဖြစ်သော Kobe Kouhoku High School၊ Ashiya Upper Secondary School၊ Itami Kita High School၊ Kakogawa Minami High school ၊ Koudera High School စသော ကျောင်း ၅ ကျောင်း၌ တစ်ကျောင်းလျှင် ကျောင်းသား ၃ဦးနှုန်းဖြင့် လျှောက်လွှာလက်ခံခဲ့ပါသည်။
ဝင်ခွင့်စာမေးပွဲများနှင့်ပတ်သက်၍ အချက်အလက်များကို Hyogo Prefecture ပညာရေးရုံး၏ Websiteတွင် ကြည့်ရှုစုံစမ်းနိုင်ပါသည်။

မေး-၆) မြန်မာနိုင်ငံမှသတ်မှတ်ထားသော မသင်မနေရပညာရေးစနစ်၏အချိန်ကာလမှာ ဂျပန်နိုင်ငံထက် တိုတောင်းပါသဖြင့်၊ ဂျပန်နိုင်ငံ အထက်တန်းကျောင်းသို့ ဝင်ခွင့်ရနိုင်ပါသလား။
ဖြေ-၆) နိုင်ငံခြား၌ကျောင်းပညာရေးကို ၉နှစ်ကြာသင်ကြားပြီးမြောက်သူများသည် ဝင်ရောက်ဖြေဆိုနိုင်ပါသည်။
အချိန်ကာလတိုတောင်းပါက အလယ်တန်းကျောင်းပြီးမြောက်ခြင်းနှင့်ကိုက်ညီသည်ဟူသောအသိအမှတ်ပြုသောစနစ်အရ အလယ်တန်းပညာရေးကို အောင်မြင်ပြီးစီးသူနှင့် ကိုက်ညီသော ပညာရေးအဆင့် သို့မဟုတ် ၎င်းနှင့်အထက်ရှိသည်ဟု အသိအမှတ်ပြုပါက ဝင်ခွင့်စာမေးပွဲဖြေဆိုနိုင်ပါသည်။
အသေးစိတ်သိရှိလိုပါက Hyogo Prefecture၏ အထက်တန်းပညာရေးဆိုင်ရာ ရုံးခန်းသို့ စုံစမ်းနိုင်ပါသည်။
ဆက်သွယ်ရန် ဖုန်းနံပါတ်မှာ (၀၇၈-၃၆၂-၉၄၄၄) ဖြစ်ပါသည်။

[{ကလေးငယ်များယဉ်ကျေးမှုပေါင်းစုံ အတူနေထိုင်မှု ကူညီထောက်ပံ့သူများ } နှင့် ပတ်သက်၍]

မေး-၇) Hyogo Prefectureတွင်ရှိသော အစိုးရကျောင်းများ၌ မိခင်ဘာသာစကားဖြင့် ကူညီထောက်ပံ့ရေးခံယူနိုင်ပါသလား။
ဖြေ-၇) Hyogo Prefecture၌ ဂျပန်နိုင်ငံသို့လာရောက်ခါစကာလတွင် ကျောင်းတွင်းလှုပ်ရှားမှုများကို မိခင်ဘာသာစကားဖြင့် ကူညီထော်ပံ့ရန်အတွက်မိခင်ဘာသာစကားဖြင့်စကားပြန် အကူအညီပေးသော (ကလေးငယ်များယဉ်ကျေးမှုပေါင်းစုံ အတူနေထိုင်မှု ကူညီထောက်ပံ့သူများ)ကို တာဝန်ပေးအပ်ထားပါသည်။ ကူညီထောက်ပံ့ပေးသူများစေလွှတ်ရန်အတွက် လိုအပ်ချက်များရှိပါသည်။
အသေးစိတ်သိလိုပါက ကလေးငယ်များယဉ်ကျေးမှုပေါင်းစုံ အတူနေထိုင်မှုဌာန၏ Website တွင်ရှိသော ကလေးငယ်များယဉ်ကျေးမှုပေါင်းစုံ အတူနေထိုင်မှု ကူညီထောက်ပံ့သူများ ဟုရေးသားထားသော အကွက်တွင် ကြည့်ရှုစုံစမ်းနိုင်ပါသည်။
သို့သော် လျှောက်လွှာတင်သွင်းရာမှာ တက်ရောက်ပညာသင်ယူမည့် ကျောင်းမှ ဆောင်ရွက်ပါမည်။

မေး-၈) (ကလေးငယ်များယဉ်ကျေးမှုပေါင်းစုံ အတူနေထိုင်မှု ကူညီထောက်ပံ့သူ) များမှ မည်သို့ ကူညီမှုများရရှိနိုင်ပါသနည်း။
ဖြေ-၈) ကလေးငယ်များယဉ်ကျေးမှုပေါင်းစုံ အတူနေထိုင်မှု ကူညီထောက်ပံ့သူ ဆရာ၊ဆရာမများမှ ကလေးငယ်များအား မိခင်ဘာသာစကားဖြင့် ကြားခံပြောကြားပေးခြင်းဖြင့် ကလေးငယ်များ၏ ကျောင်းတွင်းလှုပ်ရှားမှု အတွက်လိုက်လျောညီထွေခြင်း၊ ပညာသင်ယူခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ ဂရုစိုက်ပေးခြင်းအတွက်ကူညီထောက်ပံ့နေပါသည်။

မေး-၉) (ကလေးငယ်များယဉ်ကျေးမှုပေါင်းစုံ အတူနေထိုင်မှု ကူညီထောက်ပံ့သူ) တစ်ဦးဖြစ်ရန် မည်သို့
လုပ်ဆောင်ရပါမည်နည်း။
ဖြေ-၉) ကူညီထောက်ပံ့သူလိုအပ်ပါက စာမေးပွဲဖြေဆိုရန်လျှောက်လွှာအသစ်ထပ်၍ ခေါ်ဆိုပါမည်။
လျှောက်လွှာအသစ်ခေါ်ဆိုမှုရှိပါက ကလေးငယ်များယဉ်ကျေးမှုပေါင်းစုံ အတူနေထိုင်မှုဌာန၏ Websiteတွင်
ကြေငြာပေးပါမည်။

မေး-၁၀) (ကလေးငယ်များယဉ်ကျေးမှုပေါင်းစုံ အတူနေထိုင်မှု စေတနာ့ဝန်ထမ်း) တစ်ဦးဖြစ်ရန် မည်သို့
လုပ်ဆောင်ရပါမည်နည်း။
ဖြေ-၁၀) ကလေးငယ်များယဉ်ကျေးမှုပေါင်းစုံ အတူနေထိုင်မှုဌာန၌ လျှောက်ထားမှု အမြဲလက်ခံပါသည်။
ကလေးငယ်များယဉ်ကျေးမှုပေါင်းစုံ အတူနေထိုင်မှုဌာန၏Website တွင်ရှိသော စေတနာ့ဝန်ထမ်းများဆိုင်ရာ
အကွက်တွင်ရှိသော လျှောက်လွှာကို Download လုပ်၍ လိုအပ်ချက်များကို ဖြည့်စွက်ကာ
ကလေးငယ်များယဉ်ကျေးမှုပေါင်းစုံ အတူနေထိုင်မှုဌာနထံသို့ပို့ပေးပါရန်။

<u>[ကလေးငယ်များယဉ်ကျေးမှုပေါင်းစုံ အတူနေထိုင်မှု ဌာန နှင့် ပတ်သက်၍]</u>

မေး-၁၁) ကလေးငယ်များယဉ်ကျေးမှုပေါင်းစုံ အတူနေထိုင်မှုဌာန၌ မည်သို့ အကြောင်းအရာများနှင့်ပတ်သက်၍
ဆွေးနွေးတိုင်ပင်နိုင်ပါသနည်း။
ဖြေ-၁၁) ကလေးငယ်များယဉ်ကျေးမှုပေါင်းစုံ အတူနေထိုင်မှုဌာန၌ နိုင်ငံခြားသား ကလေးငယ်များအတွက်
ကျောင်းဝင်ခွင့်ရရှိခြင်း၊ ပညာဆက်လက်ဆည်းပူးနိုင်ခြင်း၊ ဂျပန်ဘာသာစကားသင်ကြားပေးခြင်း၊ ကျောင်းပညာရေး
သင်ကြားပေးခြင်းစသဖြင့် ဆွေးနွေးနိုင်ပါသည်။ သက်ဆိုင်ရာရုံးဌာနထံသို့ ဆက်သွယ်မေးမြန်းပါရန်။

မေး-၁၂) ကလေးငယ်များယဉ်ကျေးမှုပေါင်းစုံ အတူနေထိုင်မှုဌာနသို့ မည်သို့ဆက်သွယ်နိုင်မည်နည်း။
ဖြေ-၁၂) ကလေးငယ်များယဉ်ကျေးမှုပေါင်းစုံ အတူနေထိုင်မှုဌာနသို့ တိုက်ရိုက် လာရောက်ခြင်း အပြင်၊
တယ်လီဖုန်းဖြင့်ဆက်သွယ်ခြင်း (၀၇၉၇-၃၅-၄၅၃၇) (သို့မဟုတ်) Fax (၀၇၉၇-၃၅-၄၅၃၈) ပို့ပေးခြင်း (သို့မဟုတ်) E-Mail
(<u>mc-center@hyogo-c.ed.jp</u>) ပို့ပေးခြင်း (သို့ဟုတ်) web conferenceစနစ်ဖြင့် onlineမှတစ်ဆင့်ဆက်သွယ်ခြင်းဖြင့်
ဆွေးနွေးနိုင်ရန် စီစဉ်ထားပါသည်။
သို့သော် ရုံးဌာနသို့ တိုက်ရိုက်လာရောက်လိုပါက (သို့မဟုတ်) onlineမှတစ်ဆင့် ဆွေးနွေးလိုပါက ကြိုတင်၍ စာရင်းပေးပါရန်။

မေး-၁၃) ကလေးငယ်များယဉ်ကျေးမှုပေါင်းစုံ အတူနေထိုင်မှုဌာန၌ ဆွေးနွေးတိုင်ပင်မည့်အချိန်တွင် စကားပြန်
ခေါ်ပေးနိုင်ပါသလား။
ဖြေ-၁၃) ဟုတ်ကဲ့၊ ကြိုတင်စာရင်းပေးထားပါက စကားပြန်ခေါ်ပေးနိုင်ပါသည်။

မေး-၁၄) ကလေးငယ်များယဉ်ကျေးမှုပေါင်းစုံ အတူနေထိုင်မှုဌာနမှ စာရွက်စာတမ်းများကို မည်သူမဆို ဌားရမ်းနိုင်ပါသလား။
ဖြေ-၁၄) ဟုတ်ကဲ့၊ အခြေခံအားဖြင့် မည်သူမဆိုဌားရမ်းနိုင်ပါသည်။
အသေးစိတ်သိလိုပါက ရုံးဌာနသို့ ဆက်သွယ်စုံစမ်းပေးပါရန်။

မေး-၁၅) ကလေးငယ်များယဉ်ကျေးမှုပေါင်းစုံ အတူနေထိုင်မှုဌာနသည် စနေနေ့နှင့် တနင်္ဂနေ့တွင်လည်း ရုံးဖွင့်ပါသလား။

ဖြေ-၁၅) စနေနေ့၊ တနင်္ဂနွေနေ့ နှင့် အစိုးရရုံးပိတ်ရက်များမှာ **ပိတ်ရက်**ဖြစ်ပါသည်။
ရုံးဖွင့်ရက်များ၏ ရုံးဖွင့်ချိန်မှာ မနက် ၉နာရီမှ ညနေ ၅နာရီ အထိဖြစ်ပါသည်။

[အခြား အချက်အလက်များ]

မေး-၁၆) ဂျပန်စကားတတ်မြောက်ခြင်းမရှိသေးသောအတွက်ကြောင့် ကျောင်းတွင် သင်ကြားပေးသောစာမလိုက်နိုင်မည်ကို စိတ်ပူမိပါသည်။
ဖြေ-၁၆) Hyogo prefecture၌ ဂျပန်နိုင်ငံသို့ ရောက်ရှိပြီး တစ်နှစ်တာကာလအတွင်း (ကလေးငယ်များယဉ်ကျေးမှုပေါင်းစုံ အတူနေထိုင်မှု ကူညီထောက်ပံ့သူများ)ကို ကျောင်းသို့စေလွှတ်ပြီး ကလေးငယ်များအား မိခင်ဘာသာစကားဖြင့် ကြားခံပြောကြာကာ ကျောင်းတွင်းလှုပ်ရှားမှုနှင့် ပညာသင်ယူမှုအတွက် လိုက်လျောညီထွေရန် ကူညီထောက်ပံ့နေပါသည်။ (ကျောင်းမှ လျှောက်လွှာတင်သွင်းပါမည်။)
ဂျပန်နိုင်ငံမှကျောင်းတွင် ပညာသင်ယူရန်အတွက် ဂျပန်ဘာသာစကားသည် မဖြစ်မနေ တတ်မြောက်ရန် လိုအပ်သောကြောင့် အနည်းငယ်စီပင် လေ့လာရန်တိုက်တွန်းပါသည်။
ကလေးငယ်များယဉ်ကျေးမှုပေါင်းစုံ အတူနေထိုင်မှုဌာန၌ ဂျပန်ဘာသာစကားလေ့လာနိုင်ရန် စာအုပ် စာပေများ ရှိပါသဖြင့်လိုအပ်ပါက ဌားရမ်းနိုင်ပါသည်။
ၜင်းအပြင် Hyogo Prefecture အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း၏ Websiteတွင် ဒေသအသီးသီး၌ ရှိသော ဂျပန်ဘာသာစကား သင်တန်းကျောင်းများကို မိတ်ဆက်ပေးထားပါသည်။
ဒေသအသီးသီးမှဂျပန်ဘာသာစကား သင်တန်းကျောင်းများတွင်ဂျပန်ဘာသာစကားသင်ယူနိုင်ပါသည်။
အခက်အခဲများရှိပါက တစ်ဦးတည်းသာစိုးရိမ်မနေဘဲ အတန်းပိုင်ဆရာ၊ဆရာမ (သို့မဟုတ်) ဘာသာရပ်ဆိုင်ရာ ဆရာ၊ဆရာမများနှင့် ဆွေးနွေးတိုင်ပင်ပေးပါရန်။

မေး-၁၇) ဂျပန်ဘာသာစကားကို မည်သည့်နေရာတွင် သင်ယူနိုင်ပါသနည်း။
ဖြေ-၁၇) Hyogo Prefecture အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း၏ Websiteတွင် ဒေသအသီးသီး၌ရှိသော ဂျပန်ဘာသာစကား သင်တန်းကျောင်းများကို မိတ်ဆက်ပေးထားပါသည်။